
# ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

# ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းစည်းကမ်း မူကြမ်းတင်ပြခြင်း

၂၀၁၀ ခုနှစ်၊ ဇွန်လ(   )ရက်

# ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

(အလံ)



# ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

(တံဆိပ်)



# နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ခမီတိုင်းရင်းသားလူမျိုးအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်း (၁၃၅)တို့ စုပေါင်းနေထိုင်လျှက်ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးအားလုံးသည် သမိုင်းစဉ်တစ်လျှောက်တွင် မရှိအတူ ရှိအတူ ကောင်းတူဆိုးဘက် ဥမကွဲသိုက်မပျက် အတူလက်တွဲနေထိုင်လာခဲ့ကြပါသည်။

ခမီအမျိုးသားများသည် တိုင်းတပါးနယ်ချဲ့များနှင့် ဖက်ဆစ်ဝါဒီဆိုးတို့ လက်အောက်မှ လွတ်မြောက်ရန် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကာလ၌ မိမိတို့ နေထိုင်ရာဒေသအသီးသီးမှ ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျှက် ပါဝင် ဆင်နွှဲခဲ့ကြပါသည်။

ယခုအခါ တိုင်းရင်းသားပြည်သူများသည် ဒီမိုကရေစီစနစ်ဖော်ဆောင်ရန် လိုလား တောင်းတလျှက်ရှိကြပါသည်။ မိမိတို့လိုလားတောင်းတလျှက်ရှိကြသော ဒီမိုကရေစီစနစ်ကို စည်းကမ်းနည်းလမ်းတကျ ဖော်ဆောင်နိုင်ရန် တိုင်းရင်းသားများ အနေဖြင့် အဖွဲ့ပါတီများဖွဲ့စည်းပြီး အစီအစဉ်များ ချမှတ်လျှက်ရှိကြပါသည်။

မိမိတို့ ခမီတိုင်းရင်းသားအနေဖြင့်လည်း အခြားသော တိုင်းရင်းသားများနှင့် လက်တွဲကာ ဒီမိုကရေစီစနစ်ပီပြင်စွာဖော်ဆောင်နိုင်ရေးအတွက် ခမီအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီကို ဖွဲ့စည်းခွင့်နှင့် မှတ်ပုံတင်လျှောက်ထားခွင့်များ ပြုလုပ်နိုင်ရန် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမူကြမ်းကို ရေးဆွဲတင်ပြအပ်ပါသည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ အမည်

(က) အဖွဲ့၏အမည်ကို ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဟုခေါ်တွင်စေရမည်။

### အဓိပ္ပါယ်ဖော်ပြချက်

(ခ) ခမီအမျိုးသားဆိုသည်မှာ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ပေါက်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်တို့၌ တစ်စုတစ်စည်းတည်း အခြေစိုက်နေထိုင်ကြပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင်လည်း ပြန့်နှံ့နေထိုင်လျှက်ရှိသော ခမီအမျိုးသားများကို ဆိုလိုပါသည်။

(ဂ) တိုးတက်ရေးဆိုသည်မှာ ဖော်ပြပါ ရခိုင်ပြည်နယ်ရှိ ခမီအမျိုးသားများနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ ခမီအမျိုးသားများ ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးလာစေရန်နှင့် လူမှုရေး စီးပွားရေးတိုးတက်လာစေရန်ဟု ဆိုသည်။

(ဃ) ပါတီဆိုသည်မှာ ဤအခြေခံစည်းမျဉ်းအရ ဖွဲ့စည်းသော ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဝင်အဆင့်ဆင့်ကို ဆိုလိုသည်။

# အခန်း(၂)

## ရည်ရွယ်ချက်

၂။ ရည်ရွယ်ချက်

(က) ကမ္ဘာ့နိုင်ငံများအလယ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ထာဝရ ခိုင်မာစွာ ရပ်တည်သွားနိုင်ရေး တိုင်းရင်းသားအားလုံးပူပေါင်း ဆောင်ရွက်ရန်။

(ခ) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ပီပြင်စွာ ဖော်ဆောင်ရာ၌ တိုင်းရင်းသားအချင်းချင်း လက်တွဲဆောင်ရွက်ရန်။

(ဂ) ခမီမျိုးနွယ်စုတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်ရင်း အခြားလူနည်းစု လူမျိုးစုငယ်တို့၏ ဘက်စုံဖွံ့ဖြိုးရေးကိုလည်း အားပေးကူညီသွားရန်။

(ဃ) တိုင်းရင်းသားလူမျိုးအချင်းချင်း ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန် လေးစားမှု၊ ရိုင်းပင်းကူညီမှု၊ သည်းခံခွင့်လွှတ်မှုဟူသော မိသားစု စိတ်ဓါတ်ကိုအခြေခံ၍ ပြည်ထောင်စုစိတ်ဓါတ်ခိုင်မာရှင်သန်စေရေး ဆောင်ရွက်သွားရန်။

(င) မိမိတို့၏ ဓလေ့ထုံးစံရိုးရာယဉ်ကျေးမှုနှင့်အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်၍ ခေတ်နှင့်လျော်ညီစွာ တီထွင်လေ့ကျင့်ပြုစုပျိုးထောင်မှုများ ပြုလုပ်သွားရန်။

# အခန်း(၃)

## လုပ်ငန်းစဉ်များ

၃။ လုပ်ငန်းစဉ်များ

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် မိမိတို့အဖွဲ့၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အောက်ပါလုပ်ငန်းစဉ်များကို အခြေခံ၍ ဆောင်ရွက်သွားမည်ဖြစ်သည် -

(က) တိုင်းရင်းသားလူမျိုးအားလုံးသည် မြန်မာနိုင်ငံတော်၏ အချုပ်အချာ အာဏာပိုင်ဖြစ်ကြောင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားဖြင့် ကမ္ဘာ့နိုင်ငံများအလယ်၌ ခိုင်မာစွာရပ်တည်သွားနိုင်ရေး ဆောင်ရွက်ရန်။

(ခ ) ဒီမိုကရေစီဖော်ဆောင်ရာ၌ တိုင်းရင်းသားအချင်းချင်းတန်းတူ ရည်တူ ထားရှိမှု၊ အပြန်အလှန်လေးစားမှု၊ ပုဂ္ဂိုလ်ရေးပိုင်ခွင့်နှင့် လွတ်လပ်ခွင့် များကို အခြေခံ၍ဆောင်ရွက်ရန်။

(ဂ ) ဗဟုသုတနည်းပါး၍ အသိမကြွယ်မှု၊ အခွင့်အလမ်းနည်းပါးမှုတို့ကြောင့် ခေတ်နောက်ကျကျန်ရစ်သော မိမိတို့လူမျိုးစုများနှင့် အခြား တိုင်းရင်းသားလူမျိုးစု၊ လူနည်းစုတို့၏ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်ရန်။

(ဃ) ပြည်ထောင်စုစိတ်ဓါတ်ကိုအခြေခံ၍ အမျိုးသားရေးကို ပူးပေါင်း ဆောင်ရွက်ရန်။

(င ) မိမိတို့လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ပါက အခြား တိုင်းရင်းသားလူမျိုးများနှင့်ဖြစ်စေ၊ အခြားတိုင်းရင်းသားအဖွဲ့အစည်း များနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်သွားရန်။

အခန်း (၄)

## ဌာနချုပ်တည်နေရာ၊ အလံ၊ အထိမ်းအမှတ်တံဆိပ်


၄။ **ဌာနချုပ်တည်နေရာ**

(က) ခ မီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဌာနချုပ်ရုံးတည်နေရာကို အိမ်အမှတ် (၁၁၄)၊ ဆင်ကူးလမ်း၊ အကွက် (၁) ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်၌ ဖွင့်လှစ်ထားသည်။

(ခ) ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်ရှိ အဖွဲ့ရုံးများ၏ တည်နေရာကို ဗဟိုနှင့်မြို့နယ်အဆင့်ရှိ ကော်မတီဝင်များ ညှိနှိုင်း၍ သတ်မှတ်ပေးသည်။

၅။ **အလံ**

(က) ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီ၏ အလံကို အစိမ်း၊ အဖြူ၊ အပြာ အချိုးညီ အရောင် (၃) မျိုးဖြင့် သတ်မှတ်သည်။



အထက်အကွက်၌ အစိမ်းရောင်၊ အလယ်ကွက်၌ အဖြူရောင်၊ အထက်အတွက်၌ အပြာင်ဖြစ်သည် အချိုးညီအရောင် (၃)မျိုးသည် အလျားလိုက် ကန့်လန့်ဖြတ်ပြုလုပ်ရမည်။

(ခ) အထက်ဆုံး အပြာရောင်၏ လက်ဝဲဘက်ထောင့်၌ မခီ(ခေါ်) မိုးသောက်ကြယ်ပြောင်တစ်လုံး ပါဝင်သည်။ ၎င်းကြယ်၏ အရောင်မှာ အနီရောင်ဖြစ်သည်။

(ဂ) အစိမ်းရောင်မှာ မြေကြီးကိုညွှန်းပြီး ရှင်သန်ခြင်း၊ ပျိုမျှစ်ခြင်း အဓိပ္ပါယ်ကို ဆောင်သည်။ အဖြူရောင်မှာ စိတ်ဓာတ်ဖြူစင်ခြင်း ကို ညွှန်းပြီး ဖြူစင်မြောင်မြတ်ခြင်း အဓိပ္ပါယ်ကို ဆောင်သည်။ အပြာရောင်မှာ မိုးကောင်းကင်ကို ညွှန်းပြီး အေးချမ်းတည်ငြိမ်ခြင်း အဓိပ္ပါယ်ကို ဆောင်သည်။ မိုးသောက်ကြယ်မှာ အနီရောင်ရှိပြီး ရဲရင့်ခြင်းအဓိပ္ပါယ်ကို ဆောင်သည်။

(ဃ) အလံကို အရွယ်အစားအမျိုးမျိုးဖြင့် သတ်မှတ်နိုင်သည် အကြီးဆုံးမှာ အလျား (၅)ပေ၊ အနံ (၃)ပေဖြစ်သည်။

### ၆။ အထိမ်းအမှတ်တံဆိပ်



ဤပါတီ၏ ရင်ထိုးအမှတ်အသားမှာ နောက်ခံ အပြာရောင်ပေါ်တွင် “ ဝ ” မယှက် (ခေါ်) ငှက်ဝါကို ထည့်သုံးပြီး သစ်ကိုင်းပေါ်တွင် နားနေသောပုံဖြင့် ဖော်ဆောင်ထားခြင်း ဖြစ်ပါသည်။ တည်ကြည်ခြင်း၊ အေးချမ်းခြင်း၊ ရဲရင့်ခြင်းကို ဖော်ဆောင်ပါသည်။

အခန်း (၅)

## ဖွဲ့စည်းပုံအဆင့်ဆင့်

၇။ **ဖွဲ့စည်းပုံအဆင့်ဆင့်**

(က) ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဖွဲ့စည်းပုံအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းသည် -

(၁) ရပ်ကွက်/ကျေးရွာအုပ်စု

(၂) မြို့နယ်

(၃) ဗဟို ဟူ၍ အဆင့် (၃)ဆင့် ရွေးချယ်ဖွဲ့စည်းသည်။

**ရှင်းလင်းချက်** ။ ရပ်ကွက်/ကျေးရွာအုပ်စု၏ ကိုယ်စားလှယ်များကို စုစည်း၍ မြို့နယ်အဖွဲ့ကို ဖွဲ့စည်းသည်။

**မြို့နယ်** ကိုယ်စားလှယ်များဖြင့် ဗဟိုကော်မတီအဖွဲ့ကို ဖွဲ့စည်းသည်။ ဗဟိုကော်မတီသည် ဤပါတီ၏ အာဏာအရပ်ရပ်ကို တာဝန်ယူရမည်။

(ခ) ပါတီ၏ ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းသွားမည်-

(၁) နာယကအဖွဲ့

(၂) အလုပ်အမှုဆောင်အဖွဲ့ဟူ၍ (၂) ဖြစ်သည်။

(ဂ) နာယကအဖွဲ့သည် ဗဟိုဦးစီးအဖွဲ့ဖြစ်၍ အရေအတွက် (၅)ယောက်မှ (၉)ယောက်အထိ ပါဝင်ရမည်။

(ဃ) အလုပ်အမှုဆောင်အဖွဲ့သည် ပါတီလုပ်ငန်းအဝဝကို ဆောင်ရွက်မည်။ အဖွဲ့ဖြစ်၍ အောက်ပါအတိုင်း တာဝန်ခွဲဝေသတ်မှတ်ဖွဲ့စည်းသည် -

| | | |
|---|---|---|
| (၁) | ဥက္ကဌ | (၁) ဦး |
| (၂) | ဒု-ဥက္ကဌ | (၂) ဦး |
| (၃) | အတွင်းရေးမှူး | (၁) ဦး |
| (၄) | တွဲဘက်အတွင်းရေးမှူး | (၂) ဦး |
| (၅) | ဘဏ္ဍာရေးမှူး | (၁) ဦး |
| (၆) | တွဲဘက်ဘဏ္ဍာရေးမှူး | (၁) ဦး |
| (၇) | စာရင်းစစ် | (၁) ဦး |
| (၈) | တွဲဘက်စာရင်းစစ် | (၁) ဦး |
| (၉) | အဖွဲ့ဝင် | ( ) ဦး |

## အခန်း(၆)

## ပါတီဝင်များ၏ အရည်အချင်းသတ်မှတ်ခြင်း

၇။ ပါတီအဖွဲ့ဝင်များ၏ အရည်အချင်းမှာ အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(က) ခမီအမျိုးသားမိဘနှစ်ပါးမှ ဖွားမြင်သူဖြစ်ရမည်။

(ခ ) အသက်(၁၈)နှစ်အထက်ရှိသူဖြစ်ရမည်။

(ဂ ) ကိုယ်ရောစိတ်ပါ ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

(ဃ) မိမိတို့လူမျိုးအပေါ် ချစ်ခင်မြတ်နိုးစိတ်ရှိသူဖြစ်ရမည်။

(င ) ရိုးသားဖြောင့်မတ်၍ အများယုံကြည်ခြင်းခံရသူဖြစ်ရမည်။

(စ ) အဖွဲ့အစည်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်သူဖြစ်ရမည်။

(ဆ) အမျိုးသားရေးအဖြစ် ကြည်လင်စွာ ရှုမြင်တတ်သူဖြစ်ရမည်။

(ဇ ) ပြည်ထောင်စုစိတ်ဓာတ်ရှိသူဖြစ်ရမည်။

၈။ ပါတီဝင်အဖြစ်မှ ရပ်စဲခြင်း

(က) သောင်းကျန်းသူ အဖျက်သမားများနှင့် ဆက်သွယ်မှုပြုသူမဖြစ်စေရ။

(ခ ) တရားမဝင်အဖွဲ့များနှင့် အဆက်အသွယ်ပြုသူမဖြစ်စေရ။

(ဂ ) မိမိပါတီ၏တာဝန်ကို ရယူပြီး တာဝန်မကျေပွန်သူများမဖြစ်စေရ။

## အခန်း(၇)

## အဖွဲ့၏ စည်းကမ်းချက်များ

၁၀။ ပါတီ၏စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပါတီဝင်များအားလုံးသည် ဖွဲ့စည်းပုံစည်းမျဉ်း၊ စည်းကမ်း များကို လိုက်နာစောင့်ထိန်းကြရမည်။

(ခ) တစ်မျိုးသားလုံးနှင့်ဆိုင်သော ကိစ္စရပ်များကို အဆုံးအဖြတ်ပြုကြရန် ကြုံသောအခါ ဗဟိုကော်မတီသည် ဗဟို၊ မြို့နယ်စုံညီ အစည်းအဝေး ခေါ်ယူကျင်းပ၍ အတည်ပြုဆုံးဖြတ်ကြရမည်။

(ဂ) မိမိဒေသ၊ ကျေးရွာ၊ မြို့နယ်များဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာ၌ ပြီးစီးမှုအခြေအနေကို ဗဟိုဌာနချုပ်ရုံး၊ ဗဟိုကော်မတီသို့ တင်ပြ အသိပေးရမည်။

(ဃ) ပါတီဝင်တိုင်းသည် အများ၏သဘောတူဆုံးဖြတ်ထားမှုကို လက်ခံ လိုက်နာနိုင်ရမည်။

(င) ပါတီဝင်များသည် အစည်းအဝေးကျင်းပပြုလုပ်ရာ၌ လုပ်ငန်းသဘော မသက်ရောက်သော ပုဂ္ဂလိက ဂိုဏ်းဂဏကို ထိပါး၍ အချင်းချင်း တိုက်ခိုက်ပြောဆိုမှု မပြုရ။

(စ) မြို့နယ်တစ်ခု၏ ကိုယ်စားပြုဗဟိုကော်မတီဝင်တစ်ဦးဦးသည် တခြားမြို့နယ်တစ်ခုခု၏ ကိစ္စရပ်များ၌ တာဝန်ပေးချက်အရမဟုတ်ဘဲ ဝင်ပါဆောင်ရွက်ခြင်းမပြုရ။

(ဆ) အစည်းအဝေးတစ်ရပ်ရပ် ဆုံးဖြတ်ချက်တစ်ခုခုဖြင့် တာဝန်ပေး ခံရသော ဗဟို၊ မြို့နယ်အဆင့်ရှိပုဂ္ဂိုလ်သည် ၄င်းဒေသခံပုဂ္ဂိုလ်များနှင့် ပူးပေါင်း၍ ဆောင်ရွက်ရမည်။

# အခန်း(၈)

# အထွေထွေ

၁၁။ **အထွေထွေ**

ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို အခါအားလျော်စွာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းများ ပြုလုပ်လိုလျှင် ဗဟို၊ မြို့နယ်စုံညီအစည်းအဝေး၏ ဆုံးဖြတ်ချက်ဖြင့် ပြုလုပ်နိုင်သည်။

## နိဂုံး

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျှက်ရှိကြသော တိုင်းရင်းသားလူမျိုးအားလုံးသည် ဒီမိုကရေစီစနစ်ဖြင့်သာ မိမိတို့တိုင်းရင်းသားလူမျိုးများ၏ လူမှုဘဝ ဖွံ့ ဖြိုးတိုးတက်မှုကို ဖော်ဆောင်လာနိုင်မည်ဟု ယုံကြည်မှုအရ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန် ကြိုးပမ်းလျှက်ရှိနေကြပါသည်။

မြန်မာနိုင်ငံသည် မြန်မာ့ယဉ်ကျေးမှု ရေခံ၊ မြေခံ၊ သဘာဝအရ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြင့်သာ အသင့်လျော်ဆုံးဖြစ်သည်။ ထိုသို့စည်းကမ်းနှင့်အညီ ဒီမိုကရေစီစနစ်ဖော်ဆောင်ကြရန် တိုင်းရင်းသားလူမျိုးအသီးသီးက ယုံကြည်မှုတူရာ အချင်းချင်း စုစည်း၍သော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုအလိုက် စုစည်းကာ အဖွဲ့အစည်းများတည်ထောင်၍ မှတ်ပုံတင်လျှောက်ထားရန် စီစဉ်ဆောင်ရွက်နိုင်သည်။

ခမီ့တိုင်းရင်းသားလူမျိုးများသည်လည်း ရခိုင်ပြည်နယ်မြောက်ပိုင်းမြို့နယ်များနှင့် ချင်းပြည်နယ်ပလက်ဝမြို့နယ်များတွင် နေထိုင်လျှက်ရှိကြသည်။ မိမိတို့ခမီအမျိုးသားများ အနေဖြင့် အခြားတိုင်းရင်းသားလူမျိုးများနှင့် လက်တွဲ၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ပီပြင်စွာ ဖော်ဆောင်နိုင်ရန် ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို ဖွဲ့စည်းရခြင်း ဖြစ်ပါသည်။